# ကလေးစောင့်ရှောက်ရေး ကပ်ရောဂါ EBT ဆိုင်ရာ မေးလေ့ရှိသည့် မေးခွန်းများ (P-EBT) နှင့် နွေရာသီ ကလေးစောင့်ရှောက်မှု P-EBT

2020-2021 ပညာသင်နှစ် (*ဇွန်လ 3 ရက်၊ 2021)*

---

**မေးခွန်း 1- ကလေးစောင့်ရှောက်မှု P-EBT က ဘာလဲ။**

ဖြေ- COVID-19 ကပ်ရောဂါအတွင်း အသက် 6 နှစ်အောက် ကလေးများရှိသည့် အိမ်ထောင်စုများကို ကူညီရန် ဖက်ဒရယ်အစိုးရက အတည်ပြုထားသည့် ယာယီ အစားအသောက် အကျိုးခံစားခွင့်တစ်ခု ဖြစ်သည်။

---

**မေးခွန်း 2- ကလေးစောင့်ရှောက်မှု P-EBT အကျိုးခံစားခွင့်များအတွက် ဘယ်သူတွေက သတ်မှတ်ချက် မီပါသလဲ။**

ဖြေ- အသက် ခြောက်နှစ်အောက် ကလေးများရှိသည့် 3SquaresVT အကျိုးခံစားခွင့်များကို လက်ခံရရှိနေ သော ဗားမောင့် အိမ်ထောင်စုများ။ ကလေးသူငယ်များ P-EBT အကျိုးခံစားခွင့်များကို အောက်တိုဘာလ 2020 မှစ၍ ဇွန်လ 2021 အထိ သတ်မှတ်ချက်မီသော အိမ်ထောင်စုများအတွက် လစဉ် ထုတ်ပေးသွားပါ မည်။

---

**မေးခွန်း 3- နွေရာသီ ကလေးစောင့်ရှောက်မှု P-EBT က ဘာလဲ။**

ဖြေ- နွေရာသီ ကလေးစောင့်ရှောက်မှု P-EBT သည် နွေရာသီတစ်လျှောက် ကလေးစောင့်ရှောက်မှု P-EBT အကျိုးခံစားခွင့်များ၏ တိုးချဲ့မှု ဖြစ်သည်။

---

**မေးခွန်း 4- နွေရာသီ ကလေးစောင့်ရှောက်မှု P-EBT အကျိုးခံစားခွင့်များအတွက် ဘယ်သူတွေက သတ်မှတ်ချက်မီပါသလဲ။**

ဖြေ- နွေရာသီကာလ (ဇူလိုင် နှင့်/သို့မဟုတ် ဩဂုတ်လ 2021) အတွင်း အချိန်တစ်ခုတွင် အသက်ခြောက် နှစ်အောက် ကလေးနှင့်အတူ 3SquaresVT အကျိုးခံစားခွင့်များ လက်ခံရရှိနေသည့်

ဗားမောင့် အိမ်ထောင်စုဝင်များသည် နွေရာသီ ကလေးစောင့်ရှောက်မှု အကျိုးခံစားခွင့် အပြည့်အစုံကို လက်ခံ ရရှိပါမည်။

---

**မေးခွန်း 5- ကလေးစောင့်ရှောက်မှု P-EBT အကျိုးခံစားခွင့်က ဘယ်လောက်လဲ။**

ဖြေ- ကလေးစောင့်ရှောက်မှု P-EBT အကျိုးခံစားခွင့်သည် P-EBT နှစ်ခုပေါင်း နှုန်းထားနှင့် တူညီပြီး ယင်းက အောက်တိုဘာလ 2020 - ဖေဖော်ဝါရီလ 2021 အထိ ကလေးတစ်ဦးလျှင် $71.61 ဖြစ်သည်။ နွေဦးတွင် ကျောင်းများက လူကိုယ်တိုင် သင်ယူလေ့လာရေးသို့ ပို၍ ပြန်ဦးမော့လာသောသည်နှင့်အမျှ ကျောင်း P-EBT နှုန်းထားများတွင် လျော့နည်းလာမှုကြောင့် မတ်လ - ဇွန်လ 2021 အတွက် နှုန်းထားများက ပိုလျော့နည်းပါသည်။

- o မတ်လ $38.19
- o ဧပြီလ $37.51
- o မေလ $33.42
- o ဇွန်လ $30.69

P-EBT ကလေးစောင့်ရှောက်မှု အကျိုးခံစားခွင့်အတွက် သတ်မှတ်ချက်မီသည့် ကလေးများသည် အောက်တိုဘာလ 2020 မှစတင်ပြီး၊ ဇွန်လ 2021 အတွင်းဖြစ်စေ၊ သို့မဟုတ် အိမ်ထောင်စု၏ 3SquaresVT စာရင်းသွင်းမှု၏ နောက်ဆုံးလတွင်ဖြစ်စေ၊ ပိုစောသည့်ရက်စွဲဖြင့် လစဉ် ပေးငွေများကို လက်ခံရရှိပါမည်။

---

**မေးခွန်း 6- နွေရာသီ ကလေးစောင့်ရှောက်မှု P-EBT အကျိုးခံစားခွင့်က ဘယ်လောက်လဲ။**

ဖြေ- နွေရာသီ ကလေးစောင့်ရှောက်မှု P-EBT အတွက် စုစုပေါင်း အကျိုးခံစားခွင့်မှာ ကလေးတစ်ဦးလျှင် $375 ဖြစ်သည်။  ပုံမှန် လစဉ် ကလေးစောင့်ရှောက်မှု အကျိုးခံစားခွင့်နှင့် မတူဘဲ၊ နွေရာသီ ကလေး စောင့်ရှောက်မှု P-EBT အကျိုးခံစားခွင့်သည် ဇူလိုင်နှင့် ဩဂုတ်၏ နွေလနှစ်လစုံးကို လွှမ်းခြုံသည့် တစ်ကြိမ်စာ ယတိပြတ်နှုန်းဖြင့် အကျိုးခံစားခွင့် ဖြစ်သည်။

---

**မေးခွန်း 7- နွေရာသီ ကလေးစောင့်ရှောက်မှု P-EBT အကျိုးခံစားခွင့်ကို ဘယ်အချိန်မှာ ထုတ်ပေးမလဲ။**

ဖြေ- အကျိုးခံစားခွင့်များ၏ ပထမအသုတ် (အောက်တိုဘာလ 2020 - မေလ 2021 အတွက်) ကို 2021 ခုနှစ် ဇူလိုင်လနှောင်းပိုင်း/ဩဂုတ်လ အစောပိုင်းတွင် ထုတ်ပေးပါမည်။ ဇွန်လ 2021 အတွက် အကျိုးခံစားခွင့်များကို စက်တင်ဘာလ 2021 နှောင်းပိုင်းတွင် နွေရာသီ ကလေးစောင့်ရှောက်မှု P-EBT

အကျိုးခံစားခွင့်နှင့်အတူ ထုတ်ပေးပါမည်။ ဤရက်စွဲများမှာ အပြောင်းအလဲရှိနိုင်သောကြောင့် အပ်ဒိတ်လုပ်ထားသော မေးလေ့ရှိသည့် မေးခွန်းများကို ဤဝဘ်ဆိုက်တွင် ဆက်လက် ဝင်ကြည့်ပေးပါ။

---

**မေးခွန်း 8- ကျွန်ုပ်၏အိမ်ထောင်စုက အကျိုးခံစားခွင့်ရှိ၊ မရှိ ဘယ်လိုသိနိုင်သလဲ။**

ဖြေ- စီးပွားရေး ဝန်ဆောင်မှုများ ဌာနခွဲ (ESD) က အထက်ပါ စံသတ်မှတ်ချက်ပေါ် အခြေခံ၍ သင့်ကလေးက သတ်မှတ်ချက်မီခြင်း ရှိ၊ မရှိကို ဆုံးဖြတ်ပေးသွားပါမည်။ သင့်တွင် အကျိုးခံစားခွင့် ရှိပါက၊ အကျိုးခံစားခွင့် ရယူပုံနှင့် ရရှိမည့်အချိန်တို့ကို ရှင်းပြထားသော စာတစ်စောင်ကို ESD ထံမှ ရရှိပါမည်။

---

**မေးခွန်း 9- ကျွန်ုပ်တို့တွင် အကျိုးခံစားခွင့်ရှိပါက၊ ဤအကျိုးခံစားခွင့်များကို ဘယ်လိုလက်ခံရရှိမှာလဲ။**

ဖြေ- ကလေးစောင့်ရှောက်မှု P-EBT အကျိုးခံစားခွင့်ကို သင်၏ 3SquaresVT အကျိုးခံစားခွင့်အတွက် သင့်အိမ်ထောင်စုထံ ထုတ်ပြန်ပေးခဲ့သည့် EBT ကတ်တွင် ထုတ်ပေးပါမည်။

---

**မေးခွန်း 10- ကျွန်ုပ်၏ကလေးအတွက် အိမ်ထောင်စုနှစ်ခုက ခွဲ၍ အုပ်ထိန်းခွင့်ရှိပါသည်။ ဘယ်သူက အကျိုးခံစားခွင့်ရှိပါသလဲ။**

ဖြေ- ESD ၏ 3SquaresVT အိမ်ထောင်ဦးစီးအဖြစ် စာရင်းသွင်းထားသည့် လူကြီးထံ အကျိုးခံစားခွင့်ကို ပေးအပ်ပါမည်။

---

**မေးခွန်း 11- ဤအကျိုးခံစားခွင့်ဖြင့် ကျွန်ုပ် ဘာတွေ ဝယ်နိုင်သလဲ။**

ဖြေ- ဝယ်ယူနိုင်သော စားသောက်ကုန်စာရင်း ကို USDA ဝဘ်ဆိုက်တွင် ကြည့်ပါ။

---

**မေးခွန်း 12- ကျွန်ုပ်၏ EBT ကတ်ကို ဘယ်နေရာမှာ သုံးနိုင်သလဲ။**

ဖြေ- 3SquaresVT ကို လက်ခံသော နေရာတိုင်းတွင် စားသောက်ကုန်များ ဝယ်ယူရန် ထိုကတ်ကို သုံးနိုင်ပါသည်။ ၎င်းတွင် Vermont ရှိ ကုန်စုံဆိုင်များ၊ စူပါမားကတ်များ၊ အချိန်မရွေးဝယ်ယူနိုင်သော ကုန်မျိုးစုံဆိုင်များနှင့် များစွာသော လယ်သမားဈေးများ ပါဝင်သည်။ DCF ၏ EBT ဝဘ်စာမျက်နှာတွင် နောက်ထပ် လေ့လာပါ။

---

**မေးခွန်း 13- ကျွန်ုပ်တွင် ကလေးစောင့်ရှောက်မှုတွင်ရှိနေသော ကလေးမရှိပါ။ ဤအကျိုးခံစားခွင့်ကို ကျွန်ုပ် ရရှိနိုင်ပါသလား။**

ဖြေ- ဟုတ်သည် အသက်ခြောက်နှစ်အရွယ်ဖြစ်ပြီး 3SquaresVT ကို လက်ခံရရှိနေသည့် ကလေးအားလုံး က သတ်မှတ်ချက်မီပါသည်။

---

**မေးခွန်း 14- ကျွန်ုပ်တွင် အသက်ခြောက်နှစ်အောက် တခြား ကလေးများ ရှိပါသည်။ ၎င်းတို့က ကလေးစောင့်ရှောက်မှု P-EBT အကျိုးခံစားခွင့်အတွက် သတ်မှတ်ချက်မီပါသလား။**

ဖြေ- မပြည့်မီပါ။ အကျိုးခံစားခွင့်သည် 3SquaresVT လက်ခံရရှိနေပြီး၊ အသက်ခြောက်နှစ်အောက် အရွယ်ကလေးများကသာ အကျိုးခံစားခွင့်ကို ခံစားနိုင်ပါသည်။ ကျောင်းနေအရွယ်ကလေးများအတွက် ရနိုင်သည့် အကျိုးခံစားခွင့်များနှင့် ပတ်သက်၍ နောက်ထပ် အချက်အလက်အတွက် ကျောင်း P-EBT မေးလေ့ရှိသည့်မေးခွန်းများကို ကြည့်ပါ။

---

**မေးခွန်း 15- ဤအကျိုးခံစားခွင့်ကို ကျွန်ုပ် မလိုချင်ပါက ဘာလုပ်ရမလဲ။**

ဖြေ- ပါဝင်ခြင်းသည် မိမိဆန္ဒအလျောက် ဖြစ်ပါသည်။ သင်က မပါဝင်ရန် ရွေးချယ်ပါက သင့် 3SquaresVT EBT ကတ်တွင် ထုတ်ပေးထားသည့် အပိုဆောင်း အကျိုးခံစားခွင့်များကို အသုံးမပြုပါနှင့်။

---

**မေးခွန်း 16- P-EBT အကျိုးခံစားခွင့်များကို အသုံးမပြုပါက၊ ၎င်းတို့က သက်တမ်းကုန်မှာလား။**

ဖြေ- ဟုတ်သည် ကတ်ကို 274 ရက်အတွင်း အသုံးမပြုပါက၊ P-EBT အကျိုးခံစားခွင့်များ သက်တမ်းကုန်ပါမည်။

---

**မေးခွန်း 17- ကျွန်ုပ်တွင် နောက်ထပ် မေးစရာများ ရှိပါသည်။ ဘယ်နေရာတွင် နောက်ထပ် လေ့လာနိုင်ပါသလဲ။**

ဖြေ- https://dcf.vermont.gov/esd/covid19/P-EBT သို့ သွားပါ၊ သို့မဟုတ် နောက်ထပ် အချက်အလက်အတွက် 1-800-479-6151 လိုင်းခွဲ 7 ကို ဖုန်းခေါ်ဆိုပါ။

VERMONT
AGENCY OF HUMAN SERVICES
DEPARTMENT FOR CHILDREN & FAMILIES

VERMONT
AGENCY OF EDUCATION